# Holy Thursday - Year A

# Chrism Mass

## ကြာသပတေးနေ့ကြီး။

ဆီကောင်းချီးပေးသောမစ္ဆားတရား။

**ပထမဖတ်ချက်။**

**"ဆင်းရဲသားတို့အားဝမ်းမြောက်ရာသတင်းကို ပြောကြားစေခြင်းငှါသခင်ဘုရားသည် ငါ့ကိုဘိသိက်ပေးတော်မူ၏။"**

*ပရောဖက်အီဇာအဲယအနာဂတ္တိကျမ်း -၆၁၊ (၁-၃)၊ ၆၊ (၆-၉)။*

သခင်ဘုရား၏ဝိညာဉ်တော်သည် ကျွန်ုပ်အပေါ်မှာတည်တော်မူ၏။ အကြောင်းမူကား ဆင်းရဲသားတို့အား ဝမ်းမြောက်ရာ သတင်းကို ပြောကြားစေခြင်းငှါကျွန်ုပ်ကိုသခင်ဘုရားသည် ဘိသိက်ပေးတော်မူပြီ။ နှလုံးကြေကွဲသော သူတို့၏ အနာကိုကုမစေခြင်းငှါလည်းကောင်း၊ ဖမ်းချုပ်ခံထားရသော သူတို့အား လွှတ်စေခြင်းအကြောင်းနှင့် အကျဉ်းခံရသူတို့အား လွတ်မြောက်ခြင်းအကြောင်းကို ပြောစေခြင်းငှါလည်းကောင်း၊ သခင်ဘုရား တော့ချွေးပြုသောနှစ်နှင့် ဘုရားသခင်အတွက် လက်စားချေသောနေ့ကိုပြောကြားရန်လည်းကောင်း၊ ငိုကြွေးသောသူခပ်သိမ်းတို့ကိုနှစ်သိမ့်စေ၍ ပြာအစား ပန်းကုံးကိုပေးရန်လည်းကောင်း၊ ဝမ်းနည်းသော အဝတ်တန်ဆာအစား၊ ပျော်ရွှင်ခြင်း၊ စိတ်ပျက်ခြင်းအစား ချီးကျူးခြင်းကိုပေးရန်လည်းကောင်း၊ ကျွန်ုပ်ကို စေလွှတ်တော်မူပြီ။ သင်တို့မူကား သခင်ဘုရား၏ ရဟန်းများဟူ၍ လည်းကောင်း၊ ဘုရားသခင်၏ အမှုထမ်းများဟူ၍လည်းကောင်း၊ သမုတ်ခြင်းကိုခံကြရလိမ့်မည်။ သူတို့၏လုပ်ငန်း များကို ဆုချ၍သူတို့နှင့် ထာဝရပဋိညာဉ်ကိုဖွဲ့မည်။ သူတို့အမျိုးအနွယ်သားစဉ်မျိုးဆက်တို့သည် တစ်ပါးအမျိုးသားတို့၏ အလယ်တွင် ထင်ရှားကျော်စောကြလိမ့်မည်။ သူတို့သည်ထာဝရဘုရားကောင်းချီးပေးတော်မူသော အမျိုးအနွယ် ဖြစ်ကြ၏ဟု သူတို့ကိုမြင်သော သူအပေါင်းတို့သည် သိရှိကြလိမ့်မည်။

*ဤသည်ကားဘုရားသခင်၏နှုတ်ကပါဋ်တော်ပေတည်း။*

**ဆာလံသီချင်းကျူးခြင်း။**

ဆာလံ–၈၈၊

သံပြိုင်။ ။အိုသခင်ကိုယ်တော်၏ ကရုဏာမေတ္တာတော်အကြောင်းကို ကျွန်ုပ်ထာဝရသီဆိုပါမည်။

- ငါ၏ကျွန်ဒါဝိဒ်ကိုတွေ့ရှိ၍ သန့်ရှင်းသောဆီဖြင့်သူ့ကိုဘိသိက်ပေးခဲ့ပြီ။ ငါ၏လက်တော်သည်ကား သူနှင့်အတူ ခိုင်မြဲလိမ့်မည်။ ငါ၏လက်ရုံးတော်သည်လည်း သူ့ကို အားဖြည့်ပေးလိမ့်မည်။ (သံပြိုင်)
- ငါ၏သစ္စာနှင့်ကရုဏာတော်သည် သူနှင့်အတူရှိ၏။ ငါ၏နာမတော်၌သူသည် ချီးမြှင့်ခြင်းခံရလိမ့်မည်၊ သူသည်လည်းငါ့အား "ကိုယ်တော်သည်ကျွန်ုပ်၏အဖ၊ ကျွန်ုပ်၏ဘုရားသခင် ကျွန်ုပ်ကယ်တင်ခြင်းရရန် ကျွန်ုပ်၏ ခိုလှုံရာဖြစ်တော်မူ၏" ဟုကြွေးကြော်လိမ့် မည်။ (သံပြိုင်)

ဒုတိယကျမ်း။

## "အဖခမည်းတော်ဘုရားကို အစေခံနိုင်ရန် ကျွန်ုပ်တို့ကို ဘုရင်မျိုးရဟန်းနွယ် ဖြစ်စေတော်မူသည်။"

*မှန်မြတ်သောတပည့်တော်ကြီး သံယောဟန်ရေးထားသောဗျာဒိတ်တော်ကျမ်း။ (၁၊ ၅မှ၈ အထိ)*

သစ္စာသမာဓိနှင့်ပြည့်စုံသော၊ သက်သေတော်ဖြစ်တော်မူ၍ သေသောသူတို့တွင်သားဦးဖြစ်တော်မူလျက်၊ လောကီဘုရင်တို့၏ ဘုရင်ဖြစ်တော်မူသော ယေရှုးခရစ္စတူးထံတော်မှ ကျေးဇူးတော်နှင့်ငြိမ်သက်ခြင်းသည် သင်တို့အပေါ်သို့ သက်ရောက်ပါစေသော်။ ကိုယ်တော်သည်ကျွန်ုပ်တို့ကို ချစ်တော်မူသောကြောင့်မိမိအသွေးတော်နှင့် ကျွန်ုပ်တို့ကိုဆေးကြောတော်မူ၍ အဖခမည်းတော်ကိုအစေခံနိုင်ရန်၊ ကျွန်ုပ်တို့ကိုဘုရင်မျိုး ရဟန်းနွယ်ဖြစ်စေတော်မူသည်။ ကိုယ်တော်အားထာဝရအဆက်ဆက်ဘုန်းဂုဏ်တော်နှင့် တန်ခိုးအာဏာတော် ရှိပါစေသော်။ အာမင်။

ကြည့်လော့၊ ကိုယ်တော်သည်မိုးတိမ်ကိုစီးလျက်ကြွလာတော်မူသည်ကို လူအပေါင်းတို့မြင်ကြရလိမ့်မည်။ ကိုယ်တော်ကို ထိုးဖောက်သောသူတို့ပင်မြင်ကြလိမ့်မည်။ မြေကြီးသားလူမျိုးရှိသမျှတို့သည် ကိုယ်တော်အတွက်ကြောင့် ငိုကြွေးမြည်တမ်းကြလိမ့် မည်။ ဤအရာများသည် အမှန်ဖြစ်၏။ အာမင်။

ငါသည်အာလ်ဖါဖြစ်သည်။ ဩမေဃာလည်း ဖြစ်သည်ဟုအနန္တတန်ခိုးတော်နှင့်ပြည့်စုံတော်မူ၍ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်၊ ကာလအစဉ်ရှိတော်မူသောဘုရားသခင် မိန့်တော်မူသည်။

*ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။*

**ဧဝံဂေလိကျမ်း မပတ်မီကြွေးကြော်သံ။ (အိဇာအိယ၊ ၆၁:၁)။**

သခင်ဘုရား၏ ဝိညာဉ်တော်သည် ကျွန်ုပ်အပေါ်၌ရှိ၏။ ကိုယ်တော်သည် ဝမ်းမြောက်ရာသတင်းကို ဆင်းရဲသားတို့အား ဟောပြောရန်ကျွန်ုပ်ကိုစေလွှတ်တော်မူပြီ။

**ဧဝံဂေလိကျမ်း။**

**"သခင်ဘုရား၏ဝိညာဉ်တော်သည် ငါ့အပေါ်၌ရှိ၏။ ထိုအကြောင်းကြောင့် ငါ့ကိုလိမ်းကျံတော်မူသည်။"**

*သံလူကားရေးထားသော သန့်ရှင်းသောဧဝံဂေလိကျမ်း။ (၄၊ ၁၆မှ၂၁ အထိ)။*

ထိုကာလ၌၊ ယေရှုသည်မိမိကြီးပြင်းလာရာ၊ နာဇရက်မြို့သို့လာတော်မူသောအခါ မိမိထုံးစံအတိုင်း ဥပုသ်နေ့၌တရားဇရပ် သို့ဝင်၍ ဖတ်ခြင်းငှာထတော်မူလျှင်၊ ကိုယ်တော်အား ပရောဖက်အိဇာအိယကျမ်းစာကို ပေးကြသည်ဖြစ်၍ ကျမ်းစာကို ကိုယ်တော် ဖွင့်လှန်တော်မူလျှင်၊ တွေ့တော်မူသောကျမ်းချက်ဟူမူကား၊ သခင်ဘုရား၏ ဝိညာဉ်တော်သည် ငါ့အပေါ်၌ရှိ၏။ ထိုအကြောင်းကြောင့် ငါ့ကိုလိမ်းကျံတော်မူသဖြင့် ဆင်းရဲသောသူတို့အား ဝမ်းမြောက်ရာသတင်းကို ဟောပြောစေခြင်းငှာလည်းကောင်း၊ စိတ်နှလုံး ကြေမွသောသူတို့အား အနာချမ်းသာစေခြင်းငှါလည်းကောင်း၊ အချုပ်အဖမ်းခံရသောသူတို့အားလွှတ်ခြင်းနှင့် မျက်စိမမြင်သော သူတို့အားမျက်စိမြင်ခြင်းအခွင့်ကို ဟောကြားစေခြင်းငှာလည်းကောင်း၊ ညှဉ်းဆဲခံရသောသူတို့ကို ကယ်ဆယ်စေခြင်းငှာ လည်းကောင်း၊ သခင်ဘုရား၏သနားတော်မူခြင်း ကျေးဇူးနှစ်တော်နှင့်အကျိုးအပြစ်ကို စီရင်တော်မူလတ္တံ့သော နေ့တော်ကိုလည်းကောင်း၊ ဟောပြောစေခြင်းငှါငါ့ကိုစေလွှတ်တော်မူ၏။ ကျမ်းစာကို လိပ်ပြီးလျှင် လက်ထောက်အား ပေး၍ထိုင်တော်မူ၏။ တရားဇရပ်၌ရှိသောသူတို့သည်လည်း၊ ကိုယ်တော်ကိုစေ့စေ့ကြည့်နေကြ၏။ ကိုယ်တော်လည်း သင်တို့ကြားသော ကျမ်းစကားသည် ယနေ့ပြည့်စုံခြင်းသို့ ရောက်ပြီဟုစ၍မိန့်တော်မူ၏။

*ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။*

# Holy Thursday - Year A

# Mass of the Lord's Supper

## ကြာသပတေးနေ့ကြီး။

## ညနေမဏ္ဍာ:တရား။

**ပထမကျမ်း။**

**"ပါစကားပွဲတော်ကို ဥပဒေသတ်မှတ်ခြင်း။"**

*ထွက်မြောက်ရာကျမ်း။ ၁၂။ (၁-၈)၊ (၁၁-၁၄)။*

သခင်ဘုရားသည်အီဂျစ်ပြည်၌ မိုးဇယ်နှင့်အာရုန်တို့အား၊ မိန့်တော်မူသည်ကား ဤလသည်သင်တို့အဖို့ လဦးတည်းဟူ သောလတို့တွင် ပထမလဖြစ်ရမည်။ သင်တို့သည်အစ္စရေးအမျိုးသားအပေါင်းတို့အား ဖြေဆိုရမည့် ဖြစ်သောစကားဟူမူကား ဤလဆယ်ရက်နေ့၌သင်တို့ရှိသမျှသည် မိမိအိမ်ထောင်အသီးသီးအတိုင်း တစ်အိမ်ထောင်လျှင် သိုးငယ်တစ်ကောင်ယူရမည်။ သိုးငယ်ကိုစားသောက်ရန်အိမ်သူအိမ်သားနည်းလျှင်၊ သိုးငယ်ကိုစားသောက်နိုင်ရန် လုံလောက်သော သိုးငယ်နှင့်ညီမျှသော အိမ်နီးချင်းများ နှင့်စုပေါင်းကြရမည်။ သိုးသူငယ်ဖြစ်စေ၊ ဆိတ်သူငယ်ဖြစ်စေ၊ သင်တို့ယူသောအကောင်သည်အပြစ်မပါတစ်နှစ်သားရှိ အထီးဖြစ်ရမည်။ ထိုသိုးသူငယ်တို့ကို ဤလ ဆယ့်လေးရက်တိုင် အောင် ထိန်းသိမ်းထားပြီးမှ အစ္စရေးအမျိုးသားအပေါင်းတို့သည် ညဦးယံအချိန် တွင်သတ်ရမည်။ သိုးငယ်၏အသား ကိုစားသောအိမ်၏တံခါးထုတ်နှင့်တံခါးတိုင်နှစ်ဘက်၌ သိုးသူငယ်၏အသွေးကို ယူ၍သုတ်လိမ်း ပေးရမည်။ အသားကိုမီးနှင့်ကင်ပြီးမှ ထိုညတွင်းချင်းတဆေးမပါသောမုန့်၊ ခါးသောဟင်းသီးဟင်းရွက်နှင့်စားရမည်။ အဘယ်သို့ စားရမည်နည်းဟူမူကား ခါးစည်းကိုစည်းပြီးခြေနင်းကိုစီးလျက်တောင်ဝှေးကို ကိုင်ကာအလျင်အမြန် စားရမည်။ ဤသည်ကားသခင်ဘုရား၏ပါးစေဖြစ်၏။ (အဓိပ္ပါယ်ကား ဖြတ်သွားခြင်းဟူ၏) ထိုညတွင်အီဂျစ်ပြည်ကို ငါသည် ကျော်ဖြတ်သွား၍ အီဂျစ်ပြည်၌ ရှိသောလူမှစ၍ တိရစ္ဆာန်တိုင်အောင်သားဦးဟူသမျှကို သေစေမည်။ အီဂျစ်ပြည်၏ ဘုရားတို့ကိုတရားစီရင်မည်။ သိုးသူငယ်သွေးသည် သင်တို့နေရာအိမ်၌သင်တို့၏ လက္ခဏာသက်သေဖြစ်၍ ထိုသွေး ကိုငါမြင်သောအခါ သင်တို့ကိုငါလွန်သွားမည်။ ထိုသို့အီဂျစ်ပြည်ကို ဒဏ်ခတ်သောအခါ ဖျက်ဆီးခြင်း ဘေးဥပဒ်သည် သင်တို့ကိုမသင့်မရောက်ရ။ ဤနေ့ရက်သည်လည်းသင်တို့ အောက်မေ့စရာအဖို့ဖြစ်၍ သင်တို့၏ အမျိုးအဆက်မပြတ် ဤနေ့ရက်၌သခင်ဘုရားကို ဂုဏ်ပြုပွဲတခမ်းတနား ကျင်းပရမည်။

*ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။*

**ဆာလံသီချင်းကျေးခြင်း။**

ဆာလံ– ၁၁၅၊

သံပြိုင်။ ။ကောင်းချီးမင်္ဂလာဖလားတော်သည် ခရစ်တူးသခင်၏သွေးတော်နှင့် ပေါင်းစပ်ခြင်းဖြစ်သတည်း။

၆ ကျွန်ုပ်အားပေးသနားတော်မူသောကျေးဇူးအပေါင်းတို့အတွက် ကျွန်ုပ်သည်ဘုရားသခင်အား အဘယ်ကဲ့သို့ ကျေးဇူးဆပ်ရပါမည်နည်း။ ကယ်တင်ခြင်းချမ်းသာကို ပေးသောဖလားတော်ကို ကိုင်ဆောင်၍ ဘုရားသခင်၏ နာမတော်ကိုခေါ်တပါမည်။ (သံပြိုင်)

၆ ဘုရားသခင်၏သားသမီးတို့၏သေခြင်းသည် ဘုရားသခင်၏ရှေ့မှောက်၌တန်ဖိုးကြီးလှ၏။ ကျွန်ုပ်သည် ကိုယ်တော်၏ကျွန်၊ ကိုယ်တော်၏ကျွန်မမှဖွားသော သားဖြစ်ပါ၏။ ကိုယ်တော်သည် ကျွန်ုပ်၏ အနှောင်အဖွဲ့များကို ဖြေလွှတ်တော်မူ၏။ (သံပြိုင်)။

၆ ကိုယ်တော်အားကျေးဇူးတော်ချီးမွမ်းရာ ပူဇော်သက္ကာကိုဆက်ကပ်၍ ကိုယ်တော်၏နာမတော်ကို ထောမနာပြုပါမည်။ ဘုရားသခင်ထံ၌ပြုခဲ့သောကတိသစ္စာကိုကိုယ်တော်၏ လူအပေါင်းတို့ရှေ့မှောက်တွင် ဖြည့်စွက်ပါမည်။ (သံပြိုင်)

**ဒုတိယကျမ်း။**

## “ဤမုန့်ကိုစား၍ ဤခွက်ကိုသောက်သည့်အခါတိုင်း၊ ကိုယ်တော်၏သေခြင်းအကြောင်းကို ကြေညာဟောပြောကြလော့။”

*မွန်မြတ်သောတပည့်တော်ကြီးသံပေါလူး ကောရင်းသိမြို့သားတို့ထံရေးသောစာ၊ ပထမစောင်။ (၁၁၊ ၂၃မှ၂၆ အထိ)*

ညီအစ်ကိုတို့၊

သခင်ဘုရားထံမှ ကျွန်ုပ်ခံယူရသောအရာတို့ကိုသင်တို့အား အပ်ပေးခဲ့ပြီ။ အကြောင်းမူကား ယေရှုသခင်သည်၊ ရန်သူလက်သို့အပ်နှံခြင်းခံရသောညဉ့် မုန့်ကိုယူ၍ ဘုရားသခင်အားကျေးဇူးတင်တော်မူပြီး၊ ဖဲ့၍ဤအရာသည် သင်တို့အဖို့ပူဇော် ရမည့်ငါ၏ကိုယ်ဖြစ်သည်၊ ယူ၍စားကြလော့။ ငါ့ကိုသတိရအောက်မေ့ခြင်းငှါ ဤအရာကို ပြုကြလော့ဟုမိန့်တော်မူသည်။ ထိုနည်းတူညစာစားပြီးနောက်ခွက်ကိုယူတော်မူ၍ ဤခွက်သည် ငါ၏သွေး၌ဖွဲ့သော ပဋိညာဉ်သစ်ဖြစ်သည်။ သင်တို့နောင် သောက်မည့်အခါတိုင်း ငါ့ကိုသတိရအောက်မေ့ခြင်းငှါ ဤအရာကို ပြုကြလော့ဟုမိန့်တော်မူသည်။ ထို့ကြောင့်သင်တို့သည် ဤမုန့်ကို စား၍ ဤခွက်ကိုသောက်သည့်အခါတိုင်း ကိုယ်တော်၏သေခြင်းအကြောင်းကို သခင်ဘုရားနောက်တစ်ဖန်ကြွလာတော်မူသည်တိုင်အောင် ကြေညာဟောပြောကြလော့။

*ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။*

ဧဝံဂေလိကျမ်းမပတ်မိကြွေးကြော်သံ၊ (ဆံယောဟန် ၁၃၊ ၃၄၊)

"ငါသည်သင်တို့ကိုချစ်သကဲ့သို့ သင်တို့သည်အချင်းချင်းတစ်ဦးကိုတစ်ဦးချစ်ကြမည်အကြောင်း သင်တို့အား ပညတ်တော်သစ်ကိုငါပေး၏" ဟုသခင်ဘုရားမိန့်တော်မူသည်။

**ဧဝံဂေလိကျမ်း။**

## "ကိုယ်တော်သည်သူတို့ကိုအဆုံးတိုင်အောင် ချစ်တော်မူသည်။"

*သံယောဟန်ရေးထားသော သန့်ရှင်းသောဧဝံဂေလိကျမ်း။ (၁၃၊ ၁မှ၁၅ အထိ)*

ပါစကားပွဲနေ့မတိုင်မီ ယေရှုသည်ဤလောကမှ ခမည်းတော်ထံသို့ပြောင်းသွားရသော မိမိအချိန်နာရီရောက်သည်ကိုသိတော်မူ၍ ဤလောက၌ရှိသောမိမိလူတို့ကိုချစ်တော်မူပြီးမှ အဆုံးတိုင်အောင်ချစ်တော်မူ၏။ ညစာစားပြီးသောအခါ နတ်ဆိုးသည် စီမုန်၏သား ယုဒအီစကာရုတ်၏ နှလုံး၌ကိုယ်တော်ကိုအပ်နှံစေခြင်းငှါ သွင်းထားပြီးသည်ရှိသော်၊ မိမိလက်ထဲသို့အားလုံးစုံကို ခမည်းတော်သည်အပ်ပေးတော်မူသည်ကိုလည်းကောင်း၊ မိမိသည်ဘုရားသခင်ထံမှထွက်လာသည်ကိုလည်းကောင်း၊ ဘုရားသခင်ထံသို့ကြွတော်မူမည်ကိုလည်းကောင်း၊ သိတော်မူလျက်၊ စားပွဲမှထတော်မူ၍ ဝတ်လုံတော်များကိုထားပြီးမှ ပုဝါကိုယူ၍ မိမိကိုယ်ကိုစည်းတော်မူ၏။ ထိုနောက်ရေကိုအင်တုံ၌လောင်း၍စသဖြင့် တပည့်တော်တို့၏ခြေကိုဆေးပြီးမှ စည်းထားလျက်ရှိသောပုဝါနှင့် သုတ်တော်မူ၏။ စီမုန်ပေတရုဆီသို့ လာတော်မူသောအခါ ပေတရုက၊ အရှင်ဘုရား ကိုယ်တော်သည် တပည့်တော်၏ခြေကိုဆေးတော်မူအံ့လောတကားဟု ကိုယ်တော် အားလျှောက်၏။ ယေရှုကငါပြုသောအမှုကို ယခုသင် နားမလည်၊ နောက်မှသင်နားလည်လိမ့်မည်ဟုပြန်ပြော၍ မိန့်တော်မူ၏။ ပေတရုက တပည့်တော်၏ခြေကို ကိုယ်တော်အလျှင်းမဆေးရဟု ကိုယ်တော်အားလျှောက်လျှင် ယေရှုက ငါသည်သင့်ကိုမဆေးရလျှင် သင်သည်ငါနှင့် မပါဝင်ရဟု သူ့အားပြောတော်မူ၏။ စီမုန်ပေတရုကအရှင်ဘုရား တပည့်တော်ခြေကိုသာမဟုတ်၊ လက်ကိုလည်းကောင်း၊ ဦးခေါင်းကိုလည်းကောင်း၊ ဆေးတော်မူပါဟုကိုယ်တော်အား လျှောက်၏။ ဆေးပြီးသောသူတို့သည် ခြေမှတစ်ပါးဆေးစရာအကြောင်းမရှိ၊ တစ်ကိုယ်လုံး စင်ကြယ်၏။ သင်တို့သည်လည်း စင်ကြယ်ကြ၏။ သို့ရာတွင် အားလုံးမဟုတ်ဟုမိန့်တော်မူ၏။ အကြောင်းမူကား ကိုယ်တော်ကိုအပ်နှံမည့်သူအဘယ်သူဖြစ်သည်ကို သိတော်မူ၏။ ထိုအကြောင်းကြောင့်သင်တို့အား လုံးတို့သည် စင်ကြယ်ကြသည်မဟုတ်ဟုဆိုတော်မူ၏။ ထိုသို့သူတို့၏ခြေကို ဆေးပြီးသည်နောက်မိမိဝတ်လုံများကို ယူတော်မူ၍ တစ်ဖန်လျောင်းပြန်လျှင်သူတို့အား မိန့်တော်မူသည်ကား၊ သင်တို့၌ငါပြုခဲ့သည့်အမှုကိုသင်တို့သိကြ၏လော။ သင်တို့သည် ငါ့ကိုဆရာ ဟူ၍လည်းကောင်း၊ သခင်ဟူ၍လည်းကောင်း၊ ခေါ်ကြ၏။ ငါသည်လည်းထိုသို့ဖြစ်သောကြောင့် သင်တို့ခေါ်သင့်လှပေ၏။ ငါသည်သင်တို့၏သခင် သင်တို့၏ဆရာဖြစ်လျက်သင်တို့၏ခြေကိုငါဆေးလျှင် သင်တို့သည်လည်း တစ်ဦး၏ခြေကိုတစ်ဦးဆေးရမည်။ အကြောင်းမူကား သင်တို့၌ငါပြုသကဲ့သို့ ◌င်တို့သည်လည်း ပြုစေခြင်းငှါ သင်တို့အားငါသည် ပုံသက်သေပေးခဲ့ပြီ။

***ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။***